**(၃) ဘက်တီးရီးယားပင်ညှိုးရောဂါ (Bacterial wilt)**

**ရောဂါဖြစ်စေသောသက်ရှိ-** *Erwinia tracheiphila* (Smith 1895)

**ရောဂါလက္ခဏာ**

အရွက်များအစိမ်းရောင်ဖျော့လာခြင်း၊ တစ်ပင်လုံးညှိုးလာသည်။ ညှိုးသော အပင်အား ဖြတ်ကြည့်ပါက စေးကပ်သော ဘက်တီးရီးယား စိမ့်ထွက်ရည်များ ထွက်နေသည်။ ရောဂါ ဖြစ်စေသော ဘက်တီးရီးယားသည် ဘူး၊ ဖရုံ ကျိုင်း (အစင်းပါကျိုင်းနှင့် အစက် အပြောက် ပါကျိုင်း) တို့ကြောင့်ကူးစက်ပျံ့နှံ့သည်။







**ကာကွယ်နှိမ်နင်းနည်းများ**

- ဘူး၊ ဖရုံကျိုင်းကို ကာကွယ်ပါ။
- ရောဂါရ အပင်အကြွင်းအကျန်များအား မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ပါ။
- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကို ရွေးချယ်စိုက်ပါ။